ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၈)နေရာ | သိပ္ပံဘွဲ့(ဘူမိဗေဒ) |
| (ခ ) | စက်မှုကျွမ်းကျင်(၅)(လွန်တူး)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁၀) နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |
| (ဂ ) | ရုံးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၂)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ ) ၂၀၂၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာနအကြီးအမှူး၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။

(ဂ ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ဦးစီးဌာနတွင် တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ခံရသူများ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည် -

(က) အမည် -

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

(ဂ) မွေးသက္ကရာဇ်၊ အသက် -

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း -

(စ) လျှောက်ထားလိုသည့်ရာထူး -

(ဆ) မိဘအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏ အလုပ်အကိုင် -

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာနနှင့်လုပ်သက် -

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် -

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E-mail -

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

(ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၁.၅" x ၁.၇၅") နောက်ခံ အပြာရောင် ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရမည်)

(င ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ် ရဲစခန်း၏ ထောက်ခံချက် မူရင်း။

(စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ။

(ဇ ) စာမေးပွဲ ဝင်ကြေးငွေ ကျပ် ၁၀၀၀ဝ/- ပေးသွင်းထားသည့် ငွေသွင်းချလန် မူရင်း။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉) www.mining.gov.mm တွင် ရယူ၍ လည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်တွင် လည်းကောင်း အခမဲ့လာရောက်ထုတ်ယူ၍ လျှောက်လွှာပါအချက်အလက် များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါသည်၊ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော် လည်းကောင်း၊ (၂၃-၈-၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို လက်ခံ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ဝ/- (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-011070 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်း အမှတ်အောက်ရှိ ကွက်လပ်တွင် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လျှောက်ထားမည့် ရာထူးအမည်ဖော်ပြပြီး စာမေးပွဲဝင်ကြေးပေးသွင်းခြင်းဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၈။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉) www.mining.gov.mm နှင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာ ပေးထားမည်ဖြစ်သည်။

၉။ အပိုဒ်(၁)(က)ရှိ ရာထူးများသို့ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများကို ဦးစားပေးခန့်အပ်မည်ဖြစ်ပြီး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ဘူမိဗေဒဘာသာရပ်မေးခွန်းများကို (၃၁-၈-၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အပိုဒ်(၁)(ခ)(ဂ) ရှိ ရာထူးများသို့ လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းများကို (၃၁-၈-၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၈-၈-၂၀၂၄)ရက်နေ့၊ (၂၉-၈-၂၀၂၄)ရက်နေ့နှင့် (၃၀-၈-၂၀၂၄) ရက်နေ့များ၌ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်ရေးဌာနစုတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)များနှင့်မိမိလျှောက်ထားသည့် ရာထူးနှင့် သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး မပါရှိပါက ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၁၀၉၈၂၊ ၀၆၇-၃၄၁၀၉၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**